# နာဂစ်မုန်တိုင်းဒဏ်ခံစားရသောကလေးသူငယ်များအတွက်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အရေးပေါ်လုပ်ငန်းစီမံချက်

**နိဒါန်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန သည် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များဖြင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဝန်ထမ်းဦးစီး ဌာနသည် လူမှုရေးအခက်အခဲရှိသူများအား လူမှုရေးအရ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး နည်းလမ်းများ ပေါ် အခြေခံ၍ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၉၁ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRC) ကို သဘောတူ အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ကလေး သူငယ်ဥပဒေကို ၁၉၉၃ ခုနှစ် ဇူလိုင်လ (၁၄) ရက်နေ့တွင် ပြဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (CEDAW)တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ် အကုန်တွင် ပိုလီယို ကင်းစင်ရေးလူတိုင်းအတွက် ပညာရေး၊ ကလေးသူငယ်များအတွက် လိုက်ဖက်သော ကမ္ဘာဖန်တီးရေးနှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များအပါအဝင် ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခြေအနေကို တိုးတက်ကောင်းမွန် စေမည့် နိုင်ငံတကာမူဝါဒလုပ်ငန်းများနှင့်အညီဆောင်ရွက်ရန်လည်း သဘောတူပြီး ဖြစ်ပါသည်။

၃။ ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်း အထူးသဖြင့် ကာကွယ် စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်များအား ၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေပါပြဌာန်းချက်များအရ အဓိကထားကာကွယ် စောင့်ရှောက် ပေးလျက်ရှိပါသည်။ CRC အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏တာဝန်ဝတ္တရား တစ်ရပ်အဖြစ် ကလေးသူငယ် ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဌာန်းခဲ့ခြင်းဖြစ်ပါသည်။ နည်းဥပဒေများကို ၂၀၀၁ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ပါသည်။

၄။ ကလေးသူငယ်ဥပဒေတွင် ကလေးသူငယ်ကို အသက် ၁၆နှစ် မပြည့်သေးသူဟု အဓိပ္ပါယ်ဖွင့်ဆိုပြီး လူငယ်ကို အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈နှစ် မပြည့်သေးသူဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကလေးသူငယ်၏ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်
(ခ) ကလေးသူငယ်၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်
(ဂ) ကလေးသူငယ်များသည် ယင်းတို့၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရန်
(ဃ) နိုင်ငံတော်၏နေအင်အားပေါ်မူတည်၍ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုး စီးပွားကို ဆောင်ရွက်ပေးရန်
(င) ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များကို နိုင်ငံတော်၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ် သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းက ထိန်းသိမ်း စောင့်ရှောက် နိုင်ရန်

(စ) ကလေးသူငယ်မှုခင်းကို သီးခြား စစ်ဆေးစီရင်၍ ပြစ်မှုကျူးလွန်သော ကလေးသူငယ်၏ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကလေးသူငယ်ဥပဒေ တွင် ပြဋ္ဌာန်းထားသော အမျိုးသားကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များအနက်နှစ်ရပ်မှာ ကလေး သူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများက ထိရောက် အောင်မြင် စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးခြင်းနှင့် ကလေးသူငယ်နှင့် ပတ်သက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ တိုးတက်မှု အခြေအနေကို အခါအားလျော်စွာ စိစစ်သုံးသပ်ခြင်း တို့ဖြစ်ပါသည်။ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများသည် အမျိုးသားအဆင့်တွင် လုပ်ငန်းဆောင်ရွက်ပြီး နယ်မြေဒေသအလိုက် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများသည် ပြည်နယ်/တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် လုပ်ငန်းဆောင်ရွက်လျက် ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

၆။ ၎င်းအပြင် မြန်မာနိုင်ငံကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ် (၂၀၀၆-၂၀၁၅) ကိုပြုစုရေးသား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအစီအစဉ်တွင်ကျန်းမာရေးနှင့် အာဟာရကဏ္ဍ၊ရေကောင်းရေသန့်ရရှိရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ပညာရေးနှင့်ကလေးသူငယ် ဖွံ့ဖြိုးရေးကဏ္ဍနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍဟူ၍ အပိုင်း(၄)ပိုင်းပါဝင်ပါသည်။

**နောက်ခံအချက်များ**

၇။ မြန်မာ့သမိုင်းတွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မေလ ၁ ရက်နေ့ ၁၈း၀၀ နာရီတွင် ဂွမြို့ အနောက်တောင်ဖက် မိုင် ၃၀၀ ခန့်အကွာကို ဗဟိုပြုနေရာမှ မေလ ၂ ရက်နေ့ ၀၆း၀၀ နာရီတွင် သမီးလှ ကျွန်း၏ အနောက်ဘက်မိုင် ၁၅၀ အကွာသို့ရောက်ရှိခဲ့ပြီး မေလ ၂ ရက်နေ့၌ ဟိုင်းကြီးကျွန်းသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ မုန်တိုင်း၏ဗဟိုချက်သည် ၁၄း၃၀ နာရီတွင် ဟိုင်းကြီးကျွန်း မြို့နယ်ခွဲသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၇း၀၀ နာရီတွင် မုန်တိုင်း၏ ဗဟိုချက်၌ လေတိုက်နှုန်း တစ်နာရီမိုင် ၁၀၀ မှ ၁၂၀ အတွင်း ရှိပြီး မုန်တိုင်းအချင်းဝက်သည် မိုင် ၁၅၀ ခန့်ရှိခဲ့ကြောင်း သိရပါသည်။ ထို့နောက် ပြင်စလူ၊ လပွတ္တာမြို့၊ မော်လမြိုင်ကျွန်းမြို့၊ ဘိုကလေး မြို့၊ ဖျာပုံမြို့၊ ကွမ်းခြံကုန်း မြို့နယ်များသို့ ဖြတ်သန်း၍ မေလ ၃ ရက်နေ့ နံနက် ၀၃း၀၀ နာရီခန့်တွင် ရန်ကုန်တိုင်းအတွင်းသို့ ရောက်ရှိခဲ့ပါသည်။

၈။ မုန်တိုင်းတိုက်ခတ်သွားသော လမ်းကြောင်းတစ်လျှောက်တွင် ပြည်သူလူထု ၇ သန်းကျော် နေထိုင်ရာ ဧရာဝတီတိုင်း၌ လူဦးရေ ၁.၅သန်း ထိခိုက်ခဲ့ပြီး အိမ်ခြေ ၃၇၄၃၉၁ အိမ်၊ ကျွဲနွား ကောင်ရေ ၁၄၇၈၆၆ ကောင်၊ လယ်ဧက ၁ သန်း ရေငန်များ ဖုံးလွှမ်းသွားခဲ့ပါသည်။ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အဆောက်အဦများများစွာ ထိခိုက်ဆုံးရှုံးခဲ့ပါသည်။ ရန်ကုန်တိုင်းအတွင်း၌လည်း လူဦးရေ ၄သန်းခန့် ထိခိုက်ကာ အိမ်ခြေ ၃၇၁၃၇၃၊ စက်ရုံ အလုပ်ရုံများနှင့် ကျွဲနွားကောင်ရေ

၇၃၇၉ကောင်၊ လယ်ဧက ၃သိန်းခန့် ရေငန်များ ဖုံးလွှမ်းသွားခဲ့ပါသည်။ လျှပ်စစ်မီးပေးရေးစနစ်၊ ရေပေးရေးစနစ်၊ တယ်လီဖုန်း ဆက်သွယ်မှုစနစ်၊ မြို့တွင်းမော်တော်ယာဉ်၊ ရထား သွားလာရေး စနစ်များကို ပျက်စီး ထိခိုက်စေခဲ့ပါသည်။ မုန်တိုင်းဖြတ်သန်းရာ ဟိုင်းကြီးကျွန်း၊ လပွတ္တာ၊ ဘိုကလေး၊ ကျိုက်လတ်မြို့များတွင် အဆောက် အဦ ၉၅% ခန့်၊ ဖျာပုံ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် ၉၀%ခန့်၊ မအူပင်မြို့တွင် ၂၅%ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေးဒရဲမြို့နယ်နှင့် ပြင်စလူမြို့နယ်ခွဲများတွင် ထိခိုက်ဆုံးရှုံးမှု ကြီးမားခဲ့ပါသည်။

၉။ အဆိုပါ ထိခိုက်ပျက်စီးမှုများအထဲတွင် မိဘများသေဆုံးခဲ့ရ၍ မိဘမဲ့ ကလေးသူငယ်များ၊ သားသမီးများ၊ အိမ်ထောင်ဖက်များ ဆုံးပါးခဲ့ရသည့် အမျိုးသမီးများလည်း ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ ကလေးများနှင့် အမျိုးသမီးများ၏ ဘဝကို စောင့်ရှောက်ရန် အရေးတကြီး လိုအပ်မည် ဖြစ်ပါသည်။

၁၀။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၈ ခုနှစ် မေလ ၁၈ ရက်နေ့တွင် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများသို့ လှည့်လည်ကြည့်ရှု အားပေးစဉ် မိဘမဲ့ကလေးများ စာရင်း ကောက်ယူ၍ မိဘမဲ့ကလေးများ စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြား ခဲ့ပါသည်။

၁၁။ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဖွဲ့မှလည်း မိဘမဲ့ကလေးများ စာရင်း ကောက်ယူ၍ ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနကို ၂၀၀၈ ခုနှစ် မေလ ၂၁ ရက်စွဲပါ စာအမှတ် ၃၀၁၀၅/အဖရ(၂၀၀၈-၂) ဖြင့် ညွှန်ကြားခဲ့ပါသည်။

## ရည်မှန်းချက်

၁၂။ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော မိသားစုနှင့် ကွဲကွာသည့် ကလေးများ၊ စောင့်ရှောက်မည့် အရွယ်ရောက်ပြီးသူ မပါရှိသော ကလေးများ၊ မိဘမဲ့ကလေးများအပါအဝင် ကာကွယ် စောင့်ရှောက်ရန် လိုအပ်သော ကလေးများ ဘဝ ရှင်သန်တိုးတက်ရေး၊ အကာအကွယ်ပေးရေးလုပ်ငန်း များကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်သွားရမည်။

## မဟာဗျူဟာချမှတ်ခြင်း

၁၃။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရသော မိသားစုနှင့် ကွဲကွာသည့် ကလေးများ၊ စောင့်ရှောက် မည့် အရွယ်ရောက်ပြီးသူ မပါရှိသော ကလေးများ၊ မိဘမဲ့ကလေးများ အပါအဝင် စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ ဘဝတိုးတက်ပြည့်စုံရေးအတွက် နိုင်ငံတော်၏ လမ်းညွှန်မှုခံယူကာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နေသည့် UN agency, NGO,INGOs များနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်။ မဟာဗျူဟာမှာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စွမ်းဆောင် ရည်နှင့်စနစ်များကို အားဖြည့်ပေးရန်ဖြစ်ပါသည်။ ရပ်ရွာအခြေပြု ကွန်ရက်များ ရှိပြီးဖြစ်ပါက ၎င်းတို့ အပေါ်အခြေပြု၍ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မိတ်ဖက်များသည် ထိခိုက်သော နယ်မြေဒေသများတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန် အစီရင်ခံတင်ပြခြင်း၊ ရည်ညွှန်း စေလွှတ်ခြင်းနှင့် တုန့်ပြန်ခြင်း အစီအမံများကို တည်ထောင်မည်။ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်သော

အဖွဲ့အစည်းများအတွင်းတွင်လည်းကောင်း၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်း အဆင့်များတွင် ချိတ်ဆက်ဆောင်ရွက်ရန် အထူး အလေးထားဆောင်ရွက်ပါမည်။

**နည်းဗျူဟာချမှတ်ခြင်း**

၁၄။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး အတွက် လုပ်ဖော် ကိုင်ဖက် အဖွဲ့များ စုပေါင်း၍ စီမံချက်များ ရေးဆွဲပြီး အချိန်ကာလများ၊ ဒေသများ ပိုင်းခြားကာ ဆောင်ရွက်သွားမည်။

**အခြေခံရမည့် အချက်များ**

၁၅။ အောက်ပါတို့ကို သတိပြုဆောင်ရွက်ရပါမည်-

(က) **မိသားစု တစ်စုတစ်စည်းတည်းရှိခြင်းနှင့် မိသားစုကို ထိန်းသိမ်းခြင်း။** အရေးပေါ် အခြေအနေ အတွင်း ဖြစ်စေကာမူ ကလေးသူငယ်အားလုံးသည် မိသားစုနှင့်နေထိုင်ခွင့်ရှိပြီး မိသားစုများသည်လည်း ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရန် အခွင့်အရေးရှိသည်။ ပြုစုစောင့်ရှောက်သူမရှိသော ကလေးသူငယ်များနှင့် တစ်ကွဲတစ်ပြားဖြစ်နေသော ကလေး သူငယ်များအား ဆောလျင်နိုင်သမျှ ဆောလျင်စွာ မိဘများ သို့မဟုတ် ဓလေ့ထုံးစံအရ ပြုစုစောင့်ရှောက်သူများနှင့် ပြန်လည်ပေါင်းစည်းပေးရန် ရည်ရွယ်သည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရမည်။ မိဘအုပ်ထိန်းသူနှင့် တစ်ကွဲတစ်ပြားဖြစ်နေသော ကလေးသူငယ် အများစုမှာ ၎င်းတို့၏ မိဘများ သို့မဟုတ် အခြား မိသားစုဝင်များက ပြုစုစောင့်ရှောက် နိုင်စွမ်းရှိပြီး ပြုစုစောင့်ရှောက်ရန်လည်း ဆန္ဒရှိသည်ကို အတွေ့အကြုံအရ တွေ့ရပါသည်။ နေရာပြောင်းရွှေ့သည့် အခါတိုင်း ကလေးသူငယ်များကို မိသားစုများ သို့မဟုတ် ပြုစုစောင့်ရှောက်သူများ အတူရှိနေစေရန် ဆောင်ရွက်ဖို့ အရေးကြီးပါသည်။

(ခ) **ပရဟိတဂေဟာများနှင့် မိဘမဲ့ဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်း။** ပရဟိတဂေဟာများနှင့် မိဘမဲ့ဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းသည် နောက်ဆုံးနည်းလမ်းဖြစ်ပါသည်။ ပြုစု စောင့်ရှောက်သူများက စေတနာထားပြုစုစောင့်ရှောက်သော်လည်း ယင်းဂေဟာများသည် ကလေးသူငယ်၏ ဖွံ့ဖြိုးတိုးတက်ရေး နှင့် သာယာဝပြောရေးအတွက် အထူးအရေးပါသော စိတ်ခံစားမှုပိုင်း ပြုစုစောင့်ရှောက်မှုနှင့် အကာအကွယ်ပေးမှုကို ဖြည့်ဆည်းပေးရန် ခက်ခဲ ကြောင်း နှစ်ပေါင်းများစွာ သုတေသန ပြုလုပ်ချက်များမှာ သိရှိရပါသည်။ ကလေးသူငယ်များ သည်ဂေဟာများတွင် နေထိုင်စဉ် ပုံမှန်မိသားစု၊ ရပ်ရွာလူမှုဘဝနှင့်ကင်းကွာပြီး ယင်းဂေဟာ များမှ ထွက်ခွာသည့်အခါ ကြုံတွေ့ရမည့်စိန်ခေါ်မှုများအတွက် ပြင်ဆင်ရန် အားနည်း ကြောင်း တွေ့ရှိရပါသည်။ မိဘမဲ့ဂေဟာများသည် မိသားစုတွင်း ပြုစုစောင့်ရှောက်ခြင်းထက် လည်း ပိုမို၍ စရိတ်ကြီးလေးပါသည်။ ကလေးသူငယ်တစ်ဦးကို ဂေဟာတွင်ထားရှိရန် လိုအပ်သော စရိတ်ဖြင့် ကလေးသူငယ် ၆ဦးနှင့် အထက်ကို မိသားစုများတွင် ပံ့ပိုးပေး နိုင်ကြောင်း သုတေသန ပြုလုပ်ရာမှ တွေ့ရှိရပါသည်။

(ဂ) **ခွဲခြားဆက်ဆံမှုမပြုခြင်း။** ကလေးသူငယ်များအားလုံးကို ခွဲခြားဆက်ဆံမှုမပြုရန် သတိပြုရပါမည်။

(ဃ) **ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွား။** ကလေးသူငယ်ကိုယ်စား ချမှတ်သည့် ဆုံးဖြတ်ချက်များ အားလုံးသည် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားများ ပေါ်တွင် အခြေခံရပါမည်။

(င) **ကလေးသူငယ် ပါဝင်ဆောင်ရွက်ခြင်း။** လုပ်ဆောင်ချက်များအားလုံးကို ကလေးသူငယ်အား အသိပေးပြီး ကလေးသူငယ်၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအလိုက် ၎င်း၏ ရှုမြင်ပုံများ ကို ထည့်သွင်းစဉ်းစားရပါမည်။

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၁၆။ ကလေးသူငယ်များ၏ လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးရာတွင် လေမုန်တိုင်းဒဏ် ခံရပြီး အထူး စဉ်းစားပေးရန်နှင့် ပံ့ပိုးမှုပေးရန် လိုအပ်လျက်ရှိသည့် ကလေးသူငယ်များ၊ အုပ်စုများ သို့မဟုတ် အမျိုးအစားများကို သတ်မှတ်ရန် အရေးကြီးပါသည်။ ယင်းတို့မှာ-

(က) **မိဘအုပ်ထိန်းသူနှင့် တကွဲတပြားဖြစ်သော ကလေးသူငယ်များ။** မိဘနှစ်ပါး သို့မဟုတ် ယခင် တရားဝင် သို့မဟုတ် ဓလေ့ထုံးစံအရ ပြုစုစောင့်ရှောက်မှုပေးသူနှင့် ကွဲကွာနေသောကလေးသူငယ်ကို ဆိုလိုသည်။ အခြားဆွေမျိုးများနှင့်မူ ကွဲကွာသည်ဟု တစ်ထစ်ချ မဆိုနိုင်ပါ။ ထို့ကြောင့် အရွယ်ရောက်ပြီးသော အခြားမိသားစုဝင်များနှင့် အတူရှိနေသည့် ကလေးများ ပါဝင်သည်။

(ခ) **အရွယ်ရောက်ပြီးသည့် ပြုစုစောင့်ရှောက်မည့်သူ မရှိသော ကလေးသူငယ်များ။** ဆိုသည်မှာ မိဘနှစ်ပါး သာမက အခြားသော ဆွေမျိုးများနှင့်လည်း ကွဲကွာပြီး ဥပဒေအရ သို့မဟုတ် ထုံးစံအရ ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသော အရွယ်ရောက်ပြီး သူတစ်ဦး၏ ပြုစုစောင့်ရှောက်မှုကို မရရှိသည့် ကလေးသူငယ်များဖြစ်သည်။

(ဂ) **မိဘမဲ့ ကလေးသူငယ်များ။** မိဘနှစ်ပါးလုံး သေဆုံးပြီးဖြစ်သည်ဟု သိရှိသော ကလေး သူငယ်များ ဖြစ်သည်။

(ဃ) **အန္တရာယ်ကျရောက်လွယ်သောကလေးသူငယ်များ။** ဆင်းရဲနွမ်းပါးသော၊ ပတ်ဝန်းကျင်နှင့် ဝင်ဆန့်မှုမရှိသော၊ မုန်တိုင်းဒဏ်ကြောင့် စောင့်ရှောက်ရန်လိုအပ်သော မိသားစုများမှ ကလေးသူငယ်များ၊ မသန်စွမ်းသော ကလေးသူငယ်များ၊ မိဘတစ်ဦးသာရှိသော အိမ်ထောင်စု သို့မဟုတ် ကလေးသူငယ်က အိမ်ထောင်ဦးစီး ပြုလုပ်နေရသည့် မိသားစုများ၊ ကလေးများသော မိသားစုများမှ ကလေးသူငယ်များ၊ အခြားအန္တရာယ် ကျရောက်လွယ်မှုကြုံတွေ့နေရသည့် ကလေးသူငယ်များဖြစ်သည်။ ယင်းတို့ကို ရပ်ရွာများ သို့မဟုတ် လူမှုဝန်ထမ်းဦးစီးဌာနက သတ်မှတ်ဖော်ထုတ်မည်ဖြစ်ပြီး ယင်းတို့ အားလုံးမှာ တကွဲတပြားဖြစ်ခြင်း၊ လျစ်လျူရှုခံရခြင်းနှင့် ခေါင်းပုံဖြတ်ခံရခြင်းခံရနိုင်သည့် အန္တရာယ် ရှိနေပါသည်။

**လုပ်ငန်းတာဝန်များ**

၁၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် ကုလသမဂ္ဂ၊ INGO များ၊ ပြည်တွင်း NGO များနှင့် ပူးပေါင်း ဆောင်ရွက်၍ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ခွင့်ကို ဖြည့်ဆည်း ဆောင်ရွက်မည်။

၁၈။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင်အောက်ပါအတိုင်းသတိပြု ဆောင်ရွက်ရပါမည်-

(က) ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်သက်ဆိုင်သည့် စာရင်းဇယားများသာ ကောက်ယူခြင်း
(ခ) ရေရှည်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် အထောက်အကူပြုမည့် လေ့လာ ဆန်းစစ်မှုများကိုသာ ဆောင်ရွက်ခြင်း
(ဂ) နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေ သော ကိစ္စရပ်များကို ရှောင်ရှားခြင်း
(ဃ) လိုအပ်ချက်တစ်စုံတစ်ရာရှိပါက အဖွဲ့အစည်းအသီးသီးတွင် ပါဝင်သည့် လူမှုဝန်ထမ်း ဦးစီးဌာန ကိုယ်စားလှယ်များမှတဆင့် ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားခြင်း

**ဆောင်ရွက်မည့်ကာလ**

၁၉။ မုန်တိုင်းတိုက်ခတ်ပြီးနောက် အရေးပေါ် တုန့်ပြန်မှုနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို ချက်ခြင်း စတင်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန၏ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း အစီအစဉ် ဆောင်ရွက်နေသည့်ကာလ၌ အရေးပေါ် အခြေအနေများတွင် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေး အမျိုးသားအဆင့် စီမံချက်ကို လုပ်ငန်းလမ်းညွှန်အဖြစ် ဆောင်ရွက်ရန်ဖြစ်ပါသည်။

**လုပ်နည်း**

၂၀။ အကြမ်းဖျဉ်းစီမံချက်။ အောက်ပါအတိုင်း အပိုင်း ၃ပိုင်းဖြင့် ဆောင်ရွက်သွားပါမည်-
(က) အပိုင်း ၁ - စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအား အမျိုးအစားအလိုက် စာရင်း ကောက်ယူခြင်း
(ခ) အပိုင်း ၂ - အရေးပေါ်ကာလ စောင့်ရှောက်မှုပေးခြင်း (၆လအထိ)
(ဂ) အပိုင်း ၃ - ရေရှည်စောင့်ရှောက်မှုပေးခြင်း (ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စနစ်များနှင့် ပိုမိုအားကောင်းသော လူမှုဖူလုံရေးစနစ်တစ်ရပ် တည်ဆောက်ခြင်း)

**ရှေးဦးလေ့လာတွေ့ရှိချက်များ**

၂၁။ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ပြုလုပ်ခဲ့သောကနဦး အကဲဖြတ်ချက်များအရ လေဘေးသင့်ခံရသော ကလေးသူငယ်များအတွက် ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်၍ အောက်ပါလိုအပ်ချက်များ တွေ့ရှိရပါသည်-

(က) မိသားစုနှင့် တကွဲတပြားဖြစ်ပြီး ဆွေမျိုးများ သို့မဟုတ် အိမ်နီးချင်းများနှင့် နေထိုင် နေကြရသော ကလေးသူငယ်များ၊ လူစိမ်းများနှင့် နေထိုင်နေကြရသော ကလေးသူငယ်များ ရှိပါသည်။ ယင်း ကလေး သူငယ်များကို ဦးစားပေး၍ ဖော်ထုတ်ပြီး မှတ်ပုံတင်ရန်နှင့် မိသားစုများကိုရှာဖွေပြီး ပြန်လည်ပေါင်းစည်းပေးရန်လိုအပ်ပါသည်။ ယင်းကလေးသူငယ် များတွင် မိဘမဲ့ကလေးသူငယ် အနည်းငယ်သာပါဝင်သည့် လက္ခဏာများ တွေ့ရှိရပါ သည်။ ယင်းတို့အတွက် မိသားစုသဖွယ် ပြုစုစောင့်ရှောက်ပေးနိုင်သူများ သို့မဟုတ် သင့်တင့်လျောက်ပတ်သော မိသားစုပုံစံ နေရာချထားပေးမှုများ ပြုလုပ်ပေးနိုင်ရန် အရေး တကြီး ကြိုးပမ်း ဆောင်ရွက်ဖို့ လိုအပ်ပါသည်။

(ခ) အရေးပေါ် အခြေအနေများတွင် ယေဘုယျအားဖြင့် ကလေးသူငယ်များနှင့် အမျိုးသမီး များ၊ အထူးသဖြင့် တစ်ကွဲတစ်ပြားဖြစ်သော ကလေးသူငယ်များသည် လိင်မှုကိစ္စ မလျော်မကန်ပြုမှု၊ ခေါင်းပုံဖြတ်မှု၊ လျစ်လျူရှုမှု နှင့် လူကုန်ကူးမှုတို့ကို ပိုမိုတွေ့ကြုံရမည့် အန္တရာယ်နှင့် ရင်ဆိုင်မှုမရှိရေး ကာကွယ်သွားရမည်ဖြစ်ပါသည်။ ပြုစုစောင့်ရှောက်သူများ၊ ကလေးသူငယ်များကိုယ်တိုင်နှင့် နယ်မြေခံ အာဏာပိုင်များအား ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းရပ်များကို ပိုမိုသိရှိနားလည်ရန် နှင့်စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များရေးဆွဲ ချမှတ်ထားရှိပြီး ကြိုးပမ်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ မှုခင်းများမဖြစ်ပွားစေရေး တားဆီးရန် နှင့်ဖြစ်ပွား လာပါက အစီရင်ခံတင်ပြရန်၊ ကလေးသူငယ်များအားပံ့ပိုးမှုနှင့် ဥပဒေဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန် စောင့်ကြည့်စစ်ဆေးခြင်း၊ ရည်ညွှန်းစေလွှတ်ခြင်းနှင့် တုန့်ပြန်ဆောင် ရွက်ခြင်း အစီအမံများကိုလည်း တည်ထောင်ထားရှိရန် လိုအပ်ပါသည်။

(ဂ) ကလေးသူငယ် အများအပြားသည်နေရပ်ကို စွန့်ခွာထွက်ပြေးနေရပြီး ရင်းနှီးကျွမ်းဝင်ခြင်း မရှိသော ပတ်ဝန်းကျင်များတွင် ယာယီတည်းခိုစခန်းများ၌ ကျဉ်းကြပ်စွာ လူများပြား လွန်းစွာ နေထိုင်ကြပါသည်။ အခြေခံဝန်ဆောင်မှုများ ရယူအသုံးပြုရန်၊ သက်တူရွယ်တူ အခြားကလေးသူငယ်များနှင့် တွေ့ဆုံပေါင်းသင်းရန်၊ ကစားရန်၊ သင်ယူရန်နှင့် ကျွမ်းကျင်မှု အသစ်များ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်း မရှိပါ သို့မဟုတ် မရှိသလောက်ပင် ဖြစ်ပါသည်။ ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ ရပ်ရွာ အခြေပြု စိတ်လူမှုရေးပိုင်းပံ့ပိုးမှု ဖြည့်ဆည်းပေးရန်၊ ၎င်းတို့၏ သာယာဝပြောရေးကို အာရုံစူးစိုက်ဆောင်ရွက်ရန်နှင့် တည်ငြိမ်မှုရှိရန် လိုအပ်ချက်၊ ပံ့ပိုးမှုပေးသော ဆက်ဆံရေး များရှိရန် လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အရေးကြီးပါသည်။

(ဃ) မိသားစုများနှင့် ရပ်ရွာများကို တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေရာချထားသော အခါ မိသားစုများနှင့် ရပ်ရွာများ တစ်ကွဲတစ်ပြား မဖြစ်စေရန်နှင့် ကလေးသူငယ်များ ထပ်မံ၍ တစ်ကွဲတစ်ပြား မဖြစ်စေရန်လုပ်ဆောင်ဖို့ အရေးတကြီး လိုအပ်ပါသည်။ မိသားစု ပြိုကွဲခြင်း၊ အခြေခံပစ္စည်းများနှင့် ကယ်ဆယ်ရေးဝန်ဆောင်မှုများ မရရှိခြင်း၊စားဝတ်နေရေး ပြန်လည်တည်ဆောက်ရန် အခက်အခဲများ စသည်တို့ကြောင့် ထပ်ဆင့် တစ်ကွဲတစ်ပြား ဖြစ်ခြင်းများကို တားဆီးကာကွယ်ရန် အလို့ငှာ အမျိုးသမီးများ အိမ်ထောင်ဦးစီး ပြုလုပ်သော မိသားစုများနှင့်ကလေးသူငယ်များ အိမ်ထောင်ဦးစီးပြုလုပ်သော အိမ်ထောင်စု များ ကဲ့သို့သော အန္တရာယ်ကျရောက်လွယ်သည့် မိသားစုများအား ပံ့ပိုးမှုပေးရန် လိုအပ် ပါသည်။

(င) ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်/ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် အချို့သော အထူးသဖြင့် အန္တရာယ်ကျရောက်လွယ်သည့် ကလေး သူငယ်များ၏ ထူးခြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ (ဥပမာ ပရဟိတ ဂေဟာများမှ ကလေးသူငယ် များ၊ မသန်မစွမ်းသော

ကလေးသူငယ်များ၊ HIV/AIDS ကြောင့်ထိခိုက်သော ကလေးသူငယ်များ၊ လိင်မှုကိစ္စလုပ်ငန်းနှင့် ထိတွေ့မှုရှိ သော ကလေးသူငယ်များ စသည်တို့ဖြစ်ပါသည်။)

(စ) အနာဂတ်လုပ်ငန်းဆောင်ရွက်ရန်အတွက် နာဂစ်မုန်တိုင်းပြီးနောက် မြန်မာနိုင်ငံတွင် ပူးပေါင်း အကဲဖြတ်ချက် (PONJA) ၏ ရလဒ်များကို လမ်းညွှန်အဖြစ် အသုံးပြုပါမည်။ လူသားချင်းစာနာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသိုင်းအဝိုင်း၏ ပံ့ပိုးမှုဖြင့် နိုင်ငံတော်အစိုးရ၊ အာဆီယံအသင်းနှင့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော သုံးပွင့်ဆိုင် ဗဟို အဖွဲ့၏ အစီရင်ခံစာဖြစ်ပြီး ၂၀၀၈ ခုနှစ် ဇွန်လတွင် ထုတ်ပြန်မည်ဖြစ်ပါသည်။
ကလေးသူငယ်နှင့်အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးအစုအဖွဲ့တွင်ပါဝင်သူများသည် လည်း ရပ်ရွာများတွင် ကယ်ဆယ်ရေးနှင့် အကူအညီပေးရေး လုပ်ဆောင်စဉ် သတင်း အချက်အလက်များ ထပ်မံစုဆောင်း၍ ဆန်းစစ်လေ့လာလျက်ရှိပါသည်။ ကလေးသူငယ် များ၏ ကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များ အပါအဝင် လေဘေးသင့်သူ များ၏ လိုအပ်ချက်များနှင့် စပ်လျဉ်းသည့် နောက်ထပ် သတင်းအချက်အလက်များကို ယင်းအစီရင်ခံစာများမှ ရရှိနိုင်မည်ဖြစ်ပါသည်။

## ဦးတည်ဆောင်ရွက်မည့် အချက်များ

၂၂။ အောက်ပါအတိုင်းဦးတည်ဆောင်ရွက်သွားပါမည်-

(က) မိသားစု တစ်စုတစ်စည်းတည်းရှိစေရေး ဦးစားပေးဆောင်ရွက်ခြင်းနှင့်ဖြစ်နိုင်ပါက မိသားစု များကွဲကွာမှု မရှိစေရန် တားဆီးကာကွယ်ခြင်း

(ခ) တစ်ကွဲတစ်ပြားဖြစ်သော ကလေးသူငယ်များကို မိဘများ သို့မဟုတ် ဆွေမျိုးနီးစပ် မိသားစု များနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း

(ဂ) တစ်ကွဲတစ်ပြားဖြစ်သော၊ မိဘမဲ့နှင့် အခြား အန္တရာယ်ကျရောက်လွယ်သည့် ကလေးသူငယ် များနှင့် ၎င်းတို့၏ မိသားစုများအတွက် လုံလောက်သော ပြုစုစောင့်ရှောက်မှုနှင့် ပံ့ပိုးမှု ရရှိရန် ဆောင်ရွက်ခြင်း

(ဃ) ရပ်ရွာအခြေပြု ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ သာယာဝပြောရေးနှင့် အမျိုးသမီးများ ကလေး သူငယ်များအတွက် လုံခြုံစိတ်ချရသည့် လူမှုပတ်ဝန်းကျင် တည်ထောင်ရေးကို မြှင့်တင် ပေးခြင်း

(င) အကြမ်းဖက်ခြင်း၊ လိင်မှုကိစ္စ မလျော်မကန်ပြုမူခြင်း၊ ခေါင်းပုံဖြတ်ခြင်းနှင့် လျစ်လျူရှု ခြင်းကို တားဆီးခြင်း

(စ) မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ မှတ်တမ်းများထားရှိခြင်း၊ ရှာဖွေခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း၊ အခြားရွေးချယ်နိုင်သည့် ပြုစုစောင့်ရှောက်မှု၊ မိသားစုမပြိုကွဲ စေရေး တားဆီးကာကွယ်ရန် ဝန်ဆောင်မှုများ၊ လိင်မှုကိစ္စ မလျော်မကန်ပြုခြင်း၊ အကြမ်း ဖက်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းကို တားဆီး ကာကွယ်ရန်နှင့် တုန့်ပြန်ရန် ဝန်ဆောင်မှုများ အပါအဝင် အဓိကအရေးပါသော ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေး/ ပြန်လည်ပေါင်းစည်းရေးအတွက် ဖြေရှင်း ဆောင်ရွက်မှုများ ပြုလုပ်ရန် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

## အပိုင်း ၁ - ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ စာရင်းကောက်ယူခြင်း

၂၃။ ကလေးသူငယ်များနှင့် ပတ်သက်သည့် စာရင်းဇယား အချက်အလက် အပြည့်အစုံ ရရှိပြီး ကလေးများ ၏ အခြေအနေကို သိရှိမှတ်သားပြီး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက်များပြုလုပ်ရန် လိုအပ်ပါသည်။ စာရင်းကောက်ယူ ရေးအတွက် အောက်ပါ အဖွဲ့များသည် ၎င်းတို့၏ မိတ်ဖက်များနှင့် ပူးပေါင်း၍ ဖွဲ့စည်းဆောင်ရွက်ပါမည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန

(ခ) UNICEF Myanmar

(ဂ) မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဃ) Save the Children Myanmar

(င) World Vision Myanmar

(စ) EMDH

## လုပ်ငန်းနယ်မြေသတ်မှတ်ခြင်း

၂၄။ အောက်ပါအတိုင်း ကနဦး နယ်မြေသတ်မှတ်ဆောင်ရွက်သွားပါမည်-

| နယ်မြေဒေသ | အဖွဲ့အစည်းများ |
|---|---|
| လပွတ္တာ | UNICEF, MRCS, EMDH, Save the Children |
| ဘိုကလေး | World Vision, UNICEF, YKBWA, MRCS |
| ဖျာပုံ | World Vision, UNICEF, YKBWA |
| မော်လမြိုင်ကျွန်း | Save the Children, UNICEF, YKBWA, MRCS |
| ငပုတော | UNICEF၊ ရတနာ မေတ္တာ၊ MRCS, World Vision, Save the Children |
| မြောင်းမြ | Save the Children, UNICEF, EMDH |
| ဒေးဒရဲ | World Vision |
| ကျိုက်လတ် | World Vision |
| ပုသိမ် | Save the Children, UNICEF |
| မအူပင် | UNICEF, ရတနာ မေတ္တာ |
| ဝါးခယ်မ | Save the Children |
| ရန်ကုန် | UNICEF, Save the Children, World Vision, MRCS, AFXB, YKBWA, NYWCA, MCC, CBCM, ရတနာ မေတ္တာ၊ MNMA, ရင်သွေးဖောင်ဒေးရှင်း |

၂၅။ လုပ်ငန်းများ ထိရောက်မှုရှိပြီး ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး တုန့်ပြန်ဆောင်ရွက် နိုင်ရန် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများသည် နယ်မြေခံ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့်

လုပ်ငန်းအကောင်အထည်ဖော်ရေး မိတ်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်ပါမည်။ (YKBWA, NYWCA, MCC, CBCM, ရတနာ မေတ္တာ၊ MNMA, MRCS, ရင်သွေးဖောင်ဒေးရှင်း၊ မေတ္တာဖောင်ဒေးရှင်းနှင့် အခြားနယ်မြေခံ မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်ပါသည်။) လုပ်ငန်းနယ်မြေ များမှာ စဉ်ဆက်မပြတ် အကဲဖြတ်ရာမှ ရရှိသောရလဒ်များ၊ ထုတ်ဖော်ရရှိသော လိုအပ်ချက်များအပေါ် အခြေခံ၍ အပြောင်းအလဲရှိပါမည်။

**အပိုင်း ၂ - အရေးပေါ်ကာလ စောင့်ရှောက်မှုပေးခြင်း (၆လအထိ)**

၂၆။ **နယ်မြေခွဲခြားမှု။** နယ်မြေခွဲခြားမှုမှာ စာပိုဒ် ၂၄ ပါအတိုင်းဖြစ်ပါသည်။

၂၇။ **ဆိုင်ကလုန်းမုန်တိုင်းကြောင့်ထိခိုက်သောကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခြေအနေကို ဌာနပေါင်းစုံအကဲဖြတ်ချက်များနှင့် လစ်ဟာချက်ဆန်းစစ်မှုများပြုလုပ်ခြင်း။** အခြေအနေကို ဆက်လက်၍ အကဲဖြတ်ပြီး ဆန်းစစ်လေ့လာရန် အဖွဲ့အားလုံးမှ စုပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂၈။ **မိဘအုပ်ထိန်းသူနှင့် တစ်ကွဲတစ်ပြားဖြစ်နေသော ကလေးသူငယ်များကို မှတ်တမ်းထားရှိခြင်း၊ မိသားစု ရှာဖွေခြင်း၊ ကြားကာလပြုစုစောင့်ရှောက်ခြင်းနှင့် ပြန်လည်ပေါင်းစည်းမှုများ ပြုလုပ်ပေးခြင်း။** အောက်ပါ အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **အချက်အလက်နှင့်မှတ်တမ်းထားရှိခြင်း။** ပြုစုစောင့်ရှောက်သူမပါရှိသော ကလေးသူငယ် များနှင့် မိဘအုပ်ထိန်းသူနှင့် ကွဲကွာသော ကလေးသူငယ်များကို ဖော်ထုတ်ပြီး မှတ်ပုံတင် ၍ မှတ်တမ်းထားရှိရေးကို ဦးစွာလက်ငင်း အရေးတကြီး ဆောင်ရွက်ရမည် ဖြစ်ပါ သည်။ ယင်းကလေးသူငယ်များအား မှတ်တမ်းထားရှိရန် လူမှုဝန်ထမ်းဦးစီးဌာန၊ မြန်မာ နိုင်ငံ ကြက်ခြေနီအသင်းတို့နှင့်ပူးပေါင်း၍ ယူနီဆက်နှင့် နိုင်ငံတကာ/အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်သွားပါမည်။ စုဆောင်းရရှိသော သတင်းအချက် အလက်များမှာ အတွင်းရေးအဖြစ် လျှို့ဝှက်ထားရပါမည်။ သတင်းအချက်အလက်ကို စနစ်တကျ ပေးပို့ထိန်းသိမ်းသည့် စနစ်များရှိရမည်။ မိသားစုရှာဖွေခြင်း၊ ပြန်လည် ပေါင်းစည်းခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများအတွက် သက်ဆိုင်သည့် အစိုးရ ဌာနများ၊ အဖွဲ့ အစည်းများကြားတွင်သော ဖြန့်ဝေရပါမည်။ အချက်အလက် စုဆောင်းခြင်း၊ ဖော်ထုတ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် မှတ်တမ်းထားရှိခြင်းများကို လေ့ကျင့်သင်တန်းပေးထား သော ဝန်ထမ်းများကသာ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(ခ) **မိသားစုရှာဖွေခြင်း။** မိသားစုဝင်များ သို့မဟုတ် တရားဝင်စောင့်ရှောက်ခွင့်ရှိသူများကို ရှာဖွေခြင်းတို့အား အစိုးရဌာနများ၊ အဖွဲ့အစည်းများက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်း၍ ဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတွင် "မိသားစု အဆက် အသွယ်ပြန်လည်ရရှိစေရေး" ကွန်ပျူတာမှတ်တမ်းစုကို ထားရှိပါမည်။ လေဘေးသင့်ဒေသ ရှိ ကလေးသူငယ်များ သို့မဟုတ် အန္တရာယ်ကျရောက်လွယ်သော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်မှု၊ ပံ့ပိုးမှုနှင့် အကာအကွယ် ဖြည့်ဆည်းပေးရန် ရည်ရွယ်သော အစိုးရ ဌာန၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော ကွန်ပျူတာ အချက်အလက်မှတ်တမ်းစု တစ်ရပ် ကို ယူနီဆက် သို့မဟုတ် Save the Children က လက်ခံ တည်ထောင်ပေးပါမည်။

(ဂ) **ပြန်လည်ပေါင်းစည်းရေးအတွက်ဆွေမျိုးတော်စပ်မှုကိုစစ်ဆေးအတည်ပြုခြင်း။**အမှန်တကယ် ဆွေမျိုးတော်စပ်ကြောင်းနှင့် ကလေးသူငယ်နှင့် မိသားစုဝင်များသည် ပြန်လည်ဝင်ဆံ့ ပေါင်းစည်းရန် လိုလားကြောင်း အတည်ပြုရန် သက်ဆိုင်ရာ အဖွဲ့အစည်းဌာနက ကလေး တစ်ဦးချင်းအတွက် ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ စောင့်ကြည့်စစ်ဆေးရန်နှင့် နောက် ဆက်တွဲ ဆောင်ရွက်ရန် တာဝန်များလည်း ပါဝင်ပါသည်။

(ဃ) **ကြားကာလ ပြုစုစောင့်ရှောက်ခြင်း။** အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) မိဘအုပ်ထိန်းသူနှင့် တစ်ကွဲတစ်ပြားဖြစ်နေသော ကလေးသူငယ်များ၊ ပြုစုစောင့် ရှောက်သူမရှိသော ကလေးသူငယ်များအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ် ခြင်း/မိသားစု ရှာဖွေခြင်းနှင့် စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် ၎င်း ကလေးများ အန္တရာယ်ကင်းရှင်းရေးနှင့် ပြုစုစောင့်ရှောက်ရေးကို သင့်တော်သလို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ မိဘအုပ်ထိန်းသူနှင့် တစ်ကွဲတစ်ပြား ဖြစ်သော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရာတွင် ညီအစ်ကို မောင်နှမများ အပါအဝင် မိသားစု တစ်စုတစ်စည်းတည်းရှိရေးကို ထိန်းသိမ်းနိုင်သော ပြန်လည်ပေါင်းစည်းရေး/ ပြန်လည်ထူထောင်ရေး နည်းလမ်းဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ကလေးသူငယ်များ လုံခြုံမှုရှိရန် ဆောင်ရွက်ပေးပြီး ၎င်းတို့၏ အခြေခံ လိုအပ်ချက် များကို ဖြည့်ဆည်းပေးလျက် စိတ်ခံစားမှုပိုင်း ပံ့ပိုးမှုရရှိရန် အကူအညီပေးရပါမည်။

(၂) မိဘအုပ်ထိန်းသူနှင့် တကွဲတပြားဖြစ်သော ကလေးသူငယ်များအတွက် ဆွေမျိုး နီးစပ်များပါဝင်သော မိသားစုများနှင့် ဆွေမျိုးများထံ အပ်နှံပေးရေး ချဉ်းကပ်ပုံကို အသုံးပြုပါမည်။ ပြုစုစောင့်ရှောက်သူ မပါရှိသော ကလေးသူငယ်များအတွက် ဖြစ်နိုင် သည့်အခါတိုင်း သိရှိပြီးသော ယုံကြည်စိတ်ချသော မိသားစုများနှင့် သင့်တင့်လျှောက် ပတ်သည့် ပြုစုစောင့်ရှောက်မှုရရှိရေး ရှာဖွေပေးသည့် ချဉ်းကပ်ပုံကို အသုံးပြုပါမည်။ မိဘနှစ်ပါးစလုံး ဆုံးရှုံးပြီး မိဘမဲ့ ဖြစ်သော ကလေးသူငယ်များအတွက် ၎င်းတို့သိရှိပြီး ခင်မင်ရင်းနှီးသော သင့်တော်သည့် ပြုစုစောင့်ရှောက်မှုကို ပေးအပ်နိုင်သော ဆွေမျိုး နီးစပ်များ ရပ်ရွာတွင်နေထိုင်သူများနှင့် နေထိုင်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်ပေး ရပါမည်။ မိဘသဖွယ် ပြုစုစောင့်ရှောက်မှုပေးသည့် ယင်းမိသားစုများအနေဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို ရယူအသုံးပြု နိုင်စေရန်၊ ကလေးသူငယ်များ ကာကွယ် စောင့်ရှောက်ရေး လိုအပ်ချက်၊ ရုပ်ဝတ္ထု လိုအပ်ချက်များကို ပြည့်မီစေရန်၊ ၎င်းတို့အား အပ်နှံထားခြင်းကို စောင့်ကြည့်စစ်ဆေးရန် အဖွဲ့အစည်းဌာနများ အနေဖြင့် ညှိနှိုင်း ဆောင်ရွက်ပါမည်။

(၃) မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်း၊ မှတ်တမ်းထားရှိခြင်း၊ မိသားစု ရှာဖွေခြင်းနှင့် ကြားကာလ ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းစဉ်အတွင်းတွင် နောက်ဆုံးမိသားစု ပြန်လည်ပေါင်းစည်းခြင်းကို အဟန့်အတားပြုနိုင်သည့် မွေးစားခြင်း၊ အမည်ပြောင်းလဲ ခြင်း သို့မဟုတ် မိသားစုရှိနေဖွယ်ရာ ရှိသည့် နေရာဒေသမှဝေးရာသို့ ပြောင်းရွှေ့ခြင်း ကဲ့သို့သော မည်သည့် လုပ်ဆောင်ချက်ကိုမျှ ရှာဖွေရေးလုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးစီးသည်အထိ မပြုလုပ်ရန် လိုပါသည်။

၂၉။ **ဆွေမျိုးနီးစပ်မိသားစုများနှင့် မိဘသဖွယ်ပြုစုစောင့်ရှောက်မည့် မိသားစုများထံ အပ်နှံထားသော ကလေးသူငယ်များအတွက် နောက်ဆက်တွဲ ဆောင်ရွက်ခြင်း/ပြန်လည်ပေါင်းစည်းခြင်း ပံ့ပိုးမှုပေးခြင်း။** ကလေးသူငယ်ကို ရပ်ရွာအတွင်းရှိ ဆွေမျိုးနီးစပ်မိသားစုများနှင့် မိဘသဖွယ်ပြုစုစောင့်ရှောက်မည့် မိသားစုများထံ အပ်နှံထားပါက

အဖွဲ့အစည်းဌာနများသည် ရပ်ရွာအတွင်း ယင်းမိသားစုများအတွက် ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း လေ့ကျင့်သင်တန်းပေးမှု သို့မဟုတ် ဝင်ငွေရရှိရေး အခွင့်အလမ်းများ ကဲ့သို့သော အခြေခံ လိုအပ်ချက်များရရှိနိုင်စေရန် မိသားစုများနှင့် ပုံမှန် နောက်ဆက်တွဲ လုပ်ငန်းဆောင်ရွက်ရန် တာဝန်ယူပါ မည်။ မိသားစုသည် ကလေးသူငယ်များအား ထိရောက်သော ပြုစုစောင့်ရှောက်မှုနှင့် အကာအကွယ် ဖြည့်ဆည်းပေးနိုင် စေရန်ဖြစ်ပါသည်။

၁၀။ **ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန် ကလေးသူငယ်နှင့် သင့်တော်သော နေရာများ ဖန်တီးပေးခြင်း။** ကလေးသူငယ်များသည် ရုပ်ပိုင်းရော စိတ်ပိုင်းပါ အလွန်ဖိစီးမှုဖြစ်စေသော အခြေအနေများတွင် နေထိုင်ရပါက ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် ထိခိုက်စေနိုင်ပါသည်။ အန္တရာယ်ကင်းရှင်းပြီး ပြုစုစောင့်ရှောက်မှု ပေးသည်ဟု ခံစားရစေရန် ၎င်းတို့နှင့် သဟဇာတ ဖြစ်သောနေရာများ ဖန်တီးပေးရန် အရေးကြီးပါသည်။ အဖွဲ့အစည်း ဌာနများသည် ခိုလှုံရာ နေရာများ/ယာယီစခန်းများ သို့မဟုတ် ထိခိုက်သော နေရာဒေသများတွင် ကလေးသူငယ်နှင့် သင့်တော်သော နေရာများ တည်ထောင်ထားရှိပြီး ကလေးသူငယ်များ ကစားခုန်စားပြုလုပ်ခြင်း၊ အခြား ဖျော်ဖြေရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လုံခြုံမှုရှိသော ပတ်ဝန်းကျင်တွင် အခြားကလေးသူငယ်များနှင့် သင်ယူခြင်းနှင့် မိတ်ဖွဲ့ခြင်းများ ပြုလုပ်နိုင်ပါမည်။ ကလေးသူငယ်နှင့် သင့်တော်သော နေရာများသည် ကလေးသူငယ်များကျောင်းပြန်တက်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အစိုးရ၏မဟာဗျူဟာကို လည်း အထောက်အကူပြုပါမည်။ ယင်းတို့ကို ဖြစ်နိုင်သရွေ့ ရပ်ရွာအတွင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး လေဘေးသင့်သော အန္တရာယ်ကျရောက်လွယ်သော ကျောင်းသားကျောင်းသူ ကလေးသူငယ်များသည် ကျောင်းပြီးချိန်တွင် ယင်းနေရာများသို့ သွားရောက်နိုင်ပါမည်။

၁၁။ **ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များကိုတားဆီးကာကွယ်ခြင်း။** အစိုးရဌာနများ၊ အဖွဲ့အစည်းများ သည် အစိုးရ၏ ပံ့ပိုးမှုဖြင့် သတင်းအချက်အလက် ဖြန့်ဝေရန် စွမ်းရည်မြှင့်တင်ခြင်း၊ အကြမ်းဖက်မှုကို တွေ့ကြုံခံစားရသူများအား စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် တုန့်ပြန်ခြင်းများ ပြုလုပ် ရန်အတွက် ကနဦး အစီအမံများကို ထားရှိပါမည်။ ယာယီစောင့်ရှောက်ရေး စခန်းများတွင် ကလေး သူငယ်များကို ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းကို စောင့်ကြည့်စစ်ဆေးရန် ရပ်ရွာ စောင့်ကြည့်ရေး အစုအဖွဲ့များကို တည်ထောင်ထားရှိရပါမည်။ ရပ်ကွက် ကျေးရွာများတွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ပြဿနာများ မဖြစ်ပေါ်စေရေး တားဆီးရန်နှင့် ဖြေရှင်းဆောင်ရွက်ရန် ရပ်ရွာ အခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပံ့ပိုးမှုအစုအဖွဲ့များ ဖွဲ့စည်းရေးကိုလည်း အားပေးပါ မည်။

၁၂။ **ကလေးသူငယ်များ တကွဲတပြား မဖြစ်စေရေး တားဆီးကာကွယ်ရန် အန္တရာယ်ကျရောက် လွယ်သော မိသားစုများကို ပံ့ပိုးမှုဖြည့်ဆည်းပေးခြင်း။** အန္တရာယ်ကျရောက်လွယ်သော မိသားစု များ/ကလေး များသော မိသားစုများ သို့မဟုတ် မသန်စွမ်းသော ကလေးသူငယ်ရှိသော မိသားစုများ သို့မဟုတ် အခြားအန္တရာယ် ကျရောက်လွယ်သော ကလေးသူငယ်ရှိသည့် မိသားစုများအား စဉ်ဆက် မပြတ် ပံ့ပိုးမှုပေး၍ ကယ်ဆယ်ရေး ပစ္စည်း များ ရယူနိုင်စေရန်၊ သင့်တင့်လျောက်ပတ်သော ဆေးဝါး ကုသမှု ရရှိနိုင်စေရန်နှင့် အခြားလိုအပ်သောပံ့ပိုးမှုများ ရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်းသည် ကလေး သူငယ်များ တကွဲတပြားမဖြစ်စေရေး တားဆီးကာကွယ်ရာတွင် အထူး အရေးကြီးပါသည်။ မိသားစုများ သည် ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရန် လိုအပ်သော ဝန်ဆောင်မှုများကို မရရှိဘဲ အခြား

နေရာဒေသများတွင် ယင်းဝန်ဆောင်မှုများ ရရှိနိုင်လိမ့်မည်ဟု ထင်မြင်သောအခါ တစ်ကွဲတစ်ပြား ဖြစ်မှု ပေါ်ပေါက်လေ့ရှိပါသည်။

၃၃။ **သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ခြင်း။** အရေးပေါ် အခြေအနေများတွင် ကလေးသူငယ်များသည် ကာကွယ်စောင့်ရှောက်မှုရရှိရန် အခွင့်အရေး ရှိကြောင်း နှင့် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရန် လုပ်ဆောင်ရမည့် အဓိကအရေးပါသော လုပ်ဆောင်ချက်များအကြောင်း သတင်းအချက် အလက်များဖြန့်ဝေရန်နှင့် သိမြင်နားလည်မှု မြှင့်တင်ရန် အစိုးရဌာနများ၊ အဖွဲ့အစည်းများ အားလုံးသည် လူမှုဝန်ထမ်းဦးစီး ဌာနနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ ဦးတည်ရည်ရွယ်သည့် အုပ်စုများတွင် ခရိုင်/မြို့နယ်နှင့် အခြားအမျိုးသားအဆင့်အောက် အစိုးရ ဌာနများ၊ အဖွဲ့အစည်းများ၊ မိတ်ဖက်များ၊ အမျိုးသားအဆင့်အောက် ဘေးအန္တရာယ် စီမံခန့်ခွဲရေး အရာရှိများ၊ ယာယီစောင့်ရှောက်ရေးစခန်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့ အစည်းများနှင့် အခြား အဓိကအရေးပါသော အကျိုးစီးပွားပါဝင်ပတ်သက်သူများ ပါဝင်ပါသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ အဓိကအရေးပါသော မိတ်ဖက်များ၏ကျွမ်းကျင်မှုများကို တည်ဆောက်ရန် သင့်တင့်လျောက်ပတ်သော လေ့ကျင့်သင်တန်းပေးမှုနှင့် လုပ်ငန်းခွင် နည်းပညာ ပံ့ပိုးမှု ဖြည့်ဆည်း ပေးပါမည်။

၃၄။ **ညှိနှိုင်းဆောင်ရွက်ခြင်း။** ကလေးသူငယ်များနှင့် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ အစိုးရ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာ/အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နည်းပညာ ဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်သော စုပေါင်းအဖွဲ့ အထူးအစည်းအဝေးများကျင်းပ၍ ညှိနှိုင်း ဆောင်ရွက်ပါမည်။ စုပေါင်းအဖွဲ့၏ ပူးတွဲ ဦးဆောင်အဖွဲ့များအနေဖြင့် UNICEF နှင့် Save the Children တို့သည် အစိုးရ/ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းပေးသူအဖြစ် ဆောင်ရွက်ပေးနိုင်ပါ သည်။

## အပိုင်း ၃ - ရေရှည်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း

၃၅။ လူမှုဝန်ထမ်းဦးစီးဌာနသည် အန္တရာယ်ကျရောက်လွယ်ဆုံး ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် လူမှုဖူလုံရေး လုပ်ငန်းအစီ အစဉ်များ/ဝန်ဆောင်မှုများကို ရေးဆွဲ အကောင်အထည်ဖော်ရန် တာဝန်ယူရသော အဖွဲ့အစည်းဖြစ်ပါ သည်။ ဦးစီးဌာန၏ လုပ်ငန်းအစီအစဉ်များတွင် အစောပိုင်း ကလေးဘဝ ပြုစုစောင့်ရှောက်မှု၊ ကလေး သူငယ်နှင့်လူငယ် လူမှုရေး ဝန်ဆောင်မှုများ၊ အမျိုးသမီးများ အတွက် လူမှုရေး ဝန်ဆောင်မှုများ၊ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်း၊ မသန်စွမ်းသူများကို ပြန်လည်ထူထောင်ခြင်း၊ မူးယစ် ဆေးဝါးစွဲသူများ ပြန်လည်ထူထောင်ရေးနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ ခြင်းများ ပါဝင်ပါသည်။

### ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စနစ်များ

၃၆။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်များကို အောက်ပါအတိုင်း ဆောင်ရွက်သွားပါမည်-

(က) အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အဓိက အရေးပါသော အချက်မှာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအတွက် စွမ်းဆောင်ရည်နှင့် စနစ်များ အားဖြည့်ပေးရေး ဖြစ်ပါသည်။ ရပ်ရွာအခြေပြု အစုအဖွဲ့များ/ကွန်ရက်များ ရှိပြီးဖြစ်ပါက ဆက်လက်တည်ဆောက်ခြင်းဖြင့် လူမှု ဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိသော အဖွဲ့အစည်းများသည် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကိစ္စ ရပ်များကိုဖြေရှင်းဆောင်ရွက်ရန် (ဆေးဝါးကုသမှုနှင့် ဥပဒေဝန်ဆောင်မှုများ အပါအဝင်) စောင့်ကြည့်စစ်ဆေးခြင်း၊ အစီရင်ခံတင်ပြခြင်း၊ ရည်ညွှန်း စေလွှတ်ခြင်းနှင့် တုန့်ပြန်ခြင်း အစီအမံများကို ဆောင်ရွက်သွားပါမည်။ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်/တိုင်း အဆင့်များတွင်ရှိသော ပံ့ပိုးမှု/ဥပဒေဝန်ဆောင်မှုများကို ချိတ်ဆက်ပေးပါမည်။ ကလေးသူငယ် ဥပဒေတွင် ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန် များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကလေးသူငယ်အခွင့်အရေး ကော်မတီများ ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရေးများ လည်းဆောင်ရွက်ပါမည်။

(ခ) ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သိမြင်နားလည်မှု မြှင့်တင်ရန်၊ အန္တရာယ်ကျရောက်လွယ်သောကလေးသူငယ်များနှင့် မိသားစုများ၏ လိုအပ်ချက်များကို အကဲဖြတ်ရန်၊ ပံ့ပိုးမှု ဝန်ဆောင်မှုများကို ညှိနှိုင်းရေးအတွက် ဖြစ်ရပ် စီမံခန့်ခွဲမှု case management ပြုလုပ်ရန်၊ မိဘအုပ်ထိန်းသူနှင့် တစ်ကွဲတစ်ပြားဖြစ်ခြင်း၊ မလျော်မကန် ပြုမူခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ လူကုန်ကူး ခြင်း စသည်တို့ကို တားဆီးကာကွယ်ရန်နှင့် တုန့်ပြန်ဆောင်ရွက်ရန် ယူနီဆက်၊ နိုင်ငံတကာ/ အစိုးရမဟုတ်သော အဖွဲ့ အစည်း/ရပ်ရွာအခြေပြု အဖွဲ့အစည်းမိတ်ဖက်များသည် လူမှုဝန်ထမ်းဦးစီးဌာနအား ပံ့ပိုးပါမည်။ အထူးလိုအပ်ချက်များရှိသည့် ကလေးသူငယ်များ (ဥပမာ မသန်မစွမ်း သော ကလေးသူငယ်များ၊ HIV/AIDS ကြောင့် ထိခိုက်သော ကလေးသူငယ်များ)အတွက် စဉ်ဆက်မပြတ် ပြန်လည်ထူထောင်ရေး/ ပြန်လည်ပေါင်းစည်းရေး ပံ့ပိုးမှုပေးနိုင်ရန် ဖြည့်ဆည်း ဆောင်ရွက်ပါမည်။

(ဂ) မိဘအုပ်ထိန်းသူနှင့် တစ်ကွဲတစ်ပြားဖြစ်သော ကလေးသူငယ်များ၊ ပြုစုစောင့်ရှောက်သူ မရှိသော ကလေးသူငယ် များကို ဖြစ်နိုင်ပါက ၎င်းတို့၏ မိဘအရင်းထံ ပြန်လည်အပ်နှံ ပါမည်။ မိဘအရင်းများ မရှိလျှင် ဆွေမျိုးများထံ အပ်နှံ ပေးပါမည်။ မိဘနှင့် ဆွေမျိုး သားချင်းများ မရှိလျှင် ရပ်ရွာမှ လူထုနှင့် ကွင်းဆင်း၍ ၎င်းကလေးများအတွက် အကောင်းဆုံးသော ပတ်ဝန်းကျင်များ ဖန်တီးပေးရမည် ဖြစ်ပါသည်။ သို့ပါ၍ ကလေး များအား ရပ်ရွာအခြေပြု စောင့်ရှောက်ရေးနည်းလမ်းများဖြင့် စောင့်ရှောက်၍ သီးခြားအစီအမံများ ချမှတ်ဆောင်ရွက်သွားရမည်။ လိုအပ်မည်ဆိုပါက ကလေးများ အတွက် အစားထိုးမိသားစုများ ဖန်တီးပေးရပါမည်။ ထိုကလေးများကို အစားထိုး မိဘသဖွယ် စောင့်ရှောက်သူများအား လွှဲကျင့်၍ တာဝန်ပေးအပ်နိုင်ရေး စီစဉ်ပေး ရပါမည်။ ပူးပေါင်းဆောင်ရွက် သော အဖွဲ့ထဲမှ မိမိဒေသအလိုက်တာဝန်ယူ၍ တစ်ပုံစံ တည်းဖြစ်ရေးကို ညှိနှိုင်းဆောင်ရွက် သွားရပါမည်။

(ဃ) အန္တရာယ်ကျရောက်လွယ်ဆုံး မိသားစုများအား ပံ့ပိုးမှုနှင့် လမ်းညွှန်မှု ဖြည့်ဆည်း ပေးခြင်း၊ သိမြင် နားလည်မှု မြှင့်တင်ရေး လှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် ကလေး သူငယ်များကို ပရဟိတဂေဟာ များတွင် အပ်နှံခြင်းအား တားဆီးကာကွယ်ရန် လုပ်ငန်း အစီအစဉ်နှင့် မူဝါဒများရေးဆွဲပါမည်။ သင်တန်းကျောင်းများ

(ပရဟိတဂေဟာများ)တွင် စုစည်းစောင့်ရှောက်ခြင်းသည် နောက်ဆုံးဆောင် ရွက်ရမည့် နည်းလမ်းဖြစ်ပါသည်။ ကလေးများကို ရပ်ရွာအတွင်း စောင့်ရှောက်ရန် မဖြစ်နိုင်တော့မှသာ စောင့်ရှောက် ရမည့် နည်းလမ်းဖြစ်ပါသည်။ သင်တန်းကျောင်းနှင့် ဂေဟာများတွင် စောင့်ရှောက် ခြင်းဖြင့် ကလေးများကို တစ်နေရာတည်း စုစည်းစောင့်ရှောက်နိုင်သော်လည်း ကလေး များသည် ပတ်ဝန်းကျင်နှင့် ဆက်ဆံမှုအားနည်းခြင်း၊ ကိုယ့်အားကိုယ်ကိုးလိုစိတ် နည်းပါးခြင်း၊ ပတ်ဝန်းကျင်တွင် ဘဝတူများသဖြင့် ကြိုးစားလိုစိတ် နည်းပါးခြင်း၊ ပေါင်းသင်းဆက်ဆံရေးတွင် အားနည်းခြင်း၊ ဘဝတွင် အောင်မြင်ရန် ကြိုးစားလိုစိတ် နည်းပါးလာခြင်း၊ မိဘမဲ့ကလေးနှင့် ပြင်ပကလေးများ ခြားနားနေမှုကို နေ့စဉ် သိရခြင်း၊ အားငယ်မှုများ၊ သိမ်ငယ်မှုများဖြစ်ပေါ်စေခြင်း၊ နောင်တွင် ကျောင်းပြင်ပသို့ ရောက်ရှိ ချိန်တွင် ပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျမှု အားနည်းခြင်းများ ဖြစ်လာသည်ကို တွေ့ရပါ သည်။ သို့သော် စောင့်ရှောက်ရန် လိုအပ်သော ကလေးများအားလုံးကို လူမှုဝန်ထမ်း ဦးစီးဌာနက တာဝန်ယူ စောင့်ရှောက်ပေးသွားမည်ဖြစ်ပါသည်။

(င) ကလေးများကို ဂေဟာများတွင် ထားရှိ၍ ပြုစုစောင့်ရှောက်ရန် လိုအပ်ပါက မိသားစုပုံစံ ပတ်ဝန်းကျင်နှင့် တူညီနိုင်သမျှ တူညီစေရန် ကြိုးပမ်းရပါမည်။ အများဆုံး ကလေးသူငယ် ၅-၆ဦးထက် မပိုစေဘဲ ရပ်ရွာမှ အရွယ်ရောက် ပြီးသူများက ပြုစုစောင့်ရှောက်ပေး ရပါမည်။ လတ်တလောအားဖြင့် မိဘဆွေမျိုးများ၊ ရပ်ရွာများနှင့် ပေါင်းစည်းခြင်း မရှိ သော ကလေးများ အပါအဝင် စောင့်ရှောက်ရန် လိုအပ်သော ကလေးများကို ဒေသအလိုက်ရှိသော လူမှုဝန်ထမ်း ဦးစီး ဌာန သင်တန်းကျောင်းများတွင် ဦးစွာ စောင့်ရှောက်မှု ပေးရပါမည်။ ထို့နောက် ကလေးများကို အသက်အပိုင်းအခြား အလိုက် စိစစ်မှုပြုကာ အသက် ၁၄နှစ်မှ ၁၈နှစ် ရှိ ကလေးများအနက် အသက်မွေးဝမ်းကျောင်း ပညာ သင်နိုင်သူများကို သင်ကြားပေးပြီး ယင်းပညာရပ်များနှင့် အသက်မွေးနိုင်ရေး ပံ့ပိုးကူညီကာ ဆက်စပ်ရင်းနှီးမှုရှိသည့် ကလေးအချင်းချင်း ပေါင်းစည်းပေးလျက် မိသားစုတစ်စုသဖွယ် ဖန်တီး ပေးပြီး ရပ်ရွာအတွင်း ပေါင်းစည်းရေး ဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ထိုစောင့်ရှောက်မှုကို သီးခြား စီမံချက်ရေးဆွဲဆောင်ရွက်ရန်ဖြစ်ပြီး ၎င်းအစားထိုး မိသားစုကို ကြီးကြပ် စောင့်ရှောက်ရန် လူမှုဝန်ထမ်းဦးစီးဌာန၊ ရပ်ရွာမှ စေတနာရှင်များ၊ နိုင်ငံတကာ/အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ ပါဝင်သော အဖွဲ့များဖြင့် ကြည့်ရှုစောင့်ရှောက်ကာ စဉ်ဆက်မပြတ် လေ့လာ အကဲဖြတ် နေပါမည်။ မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ယူနီဆက်၏ နည်းပညာ ပံ့ပိုးမှု တို့ဖြင့် (၂၀၀၅ခုနှစ်အတွင်းလုပ်ငန်းဆွေးနွေးပွဲကျင်းပစဉ်) မူကြမ်းရေးသားခဲ့ သော "ပရဟိတဂေဟာ များရှိ ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရေး စံချိန်စံနှုန်းများ"ကို လက်ခံကျင့်သုံးခြင်းဆိုင်ရာ နောက်ဆက်တွဲ လုပ်ဆောင်ရန် ဖြစ်ပါ သည်။

(စ) မိသားစုပြိုကွဲခြင်း၊ အခြေခံ ဝန်ဆောင်မှုများ မရရှိခြင်း၊ ဘဝပြန်လည်တည်ဆောက်ရန် စိန်ခေါ်မှု များနှင့် ရင်ဆိုင်ရခြင်း၊ စီးပွားရေး ခက်ခဲကြပ်တည်းခြင်းတို့ကြောင့် ကလေးသူငယ်များသည် မိဘများ နှင့် တစ်ကွဲတစ်ပြား မဖြစ် သင့်ပါ။ အန္တရာယ်ကျ ရောက်လွယ်သော ကလေးသူငယ်များနှင့် မိသားစု များ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် တားဆီးကာကွယ်ရေး၊ ပံ့ပိုးမှုပေးရေးနှင့် ဖြည့်စွက် ဝန်ဆောင်မှု အမျိုး မျိုးကို ဖြည့်ဆည်းပေးရန် ဆက်လက်ကြိုးပမ်းရပါမည်။

**လုပ်ငန်းအစီအစဉ်များ**

၃၇။ လူမှုဝန်ထမ်းဦးစီးဌာနသည် အခြားတာဝန်ရှိသော ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ အောက်ပါ တို့ကို အလေးပေး ဆောင်ရွက်ပါမည်-

(က) **မူကြိုပညာသင်ကြားနိုင်ရေး။** စောင့်ရှောက်ရမည့် ကလေးများထဲတွင် အသက် ၃-၅ နှစ် ကလေးများကို မူကြိုပညာ သင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရပါမည်။ မိသားစု သို့မဟုတ် ဆွေမျိုးများနှင့် ပေါင်းစည်း နေထိုင်သော ကလေးသူငယ်များ အတွက် ရပ်ရွာအခြေပြု ECCD Centre များ ဖွင့်လှစ်သွားရပါမည်။

(ခ) **အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ကြားရေး။** အခြေခံပညာမှ တက္ကသိုလ်ပညာ ပြီးဆုံးအောင် သင်ကြားနိုင် ရေးအတွက် အောက်ပါအတိုင်း အပိုင်း ၃ပိုင်းဖြင့် ဆောင်ရွက်သွားပါမည်-

(၁) မိဘ/ဆွေမျိုးများနှင့် ပေါင်းစည်းရေး ဆောင်ရွက်ဆဲ ကလေးများ၊ ပေါင်းစည်းရန် မဖြစ်နိုင်တော့သည့် ကလေးများအတွက် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူ သင်ကြားပေးရမည်။ ကလေးများ၏ ပညာရေး ကိစ္စအဝဝကို တာဝန်ယူ ဆောင် ရွက်ပေးသွားပါမည်။

(၂) မိဘများ ကွယ်လွန်သွား၍ ဆွေမျိုးသားချင်းများနှင့် နေထိုင်ရသော ကလေးများ ကျောင်းပညာသင်ကြားနိုင်ရေးအတွက် UNICEF, Save the Children, World Vision စသည့် နိုင်ငံတကာ/အစိုးရမဟုတ် သော အဖွဲ့အစည်းများအနေဖြင့် မိမိတာဝန်ယူစဉ် ကလေးများ ကျောင်းပညာသင်ကြားရေးအတွက် အပြည့်အဝ တာဝန်ယူပေးမည် ဖြစ်ပါသည်။

(၃) မိဘများရှိသော်လည်း ၎င်း၏ မိဘများက ကလေးများ ကျောင်းပညာ ပြီးဆုံး သည်အထိ ကျောင်းပညာ သင်ကြားနိုင်ရေးကို မတတ်နိုင်ပါက မိသားစု ဝင်ငွေ တိုးလုပ်ငန်းများကို အထက် စာပိုဒ် ၂ ပါ အဖွဲ့အစည်းများက တာဝန်ယူဆောင် ရွက်ရပါမည်။

(ဂ) **ကျောင်းပြင်ပပညာရေး။** မိဘမဲ့ကလေးများ အပါအဝင် စောင့်ရှောက်ရန် လိုအပ်နေသော ကလေးများ အနက် ကျောင်းပညာသင်ကြားရန် အရွယ်လွန်နေသော ကလေးများ အတွက် 'အ' သုံးလုံး အပါအဝင် ကျောင်းပြင်ပပညာ သင်ကြားနိုင်ရေးကို လူမှုဝန်ထမ်း ဦးစီးဌာနနှင့် အဖွဲ့ဝင်များဖြစ်သော နိုင်ငံ တကာ/အစိုးရ မဟုတ်သော အဖွဲ့အစည်း များက ဆောင်ရွက်သွားကြပါမည်။

(ဃ) **အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားနိုင်ရေး။** မိဘမဲ့ကလေးများ အပါအဝင် လေဘေး ဒဏ်ခံရသော ဒေသရှိ ကလေးများထဲမှ အသက် ၁၄နှစ်နှင့်အထက် ကျောင်းပညာသင်ကြားရန် အရွယ်လွန်သူများ၊ ဉာဏ်ရည်မမီသူ များအား ကျား/မ အလိုက် စာရင်းကောက်ယူ၍ အသက်မွေး ဝမ်းကျောင်းပညာများ ဦးစွာသင်ကြား ပေးရမည်။ အောက်ပါအတိုင်း အပိုင်း၃ပိုင်းခွဲ၍ ဆောင်ရွက် ရပါမည်-

(၁) ကောက်ယူရရှိသော စာရင်းများအပေါ် အခြေခံ၍ ကလေးသူငယ်များအတွက် သက်ဆိုင်ရာ ဒေသနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးရေးအတွက်

လူမှုဝန်ထမ်းဦးစီးဌာနနှင့်အတူ ပူးပေါင်း ဆောင်ရွက် နေသည့် UNICEF, Save the Children, World Vision အပါအဝင် နိုင်ငံတကာ/အစိုးရမဟုတ်သော အဖွဲ့အစည်း များအနေဖြင့် ရပ်ရွာအတွင်း သီးခြား သင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပါမည်။

(၂) အဆင့်မြင့်သင်တန်း တက်ရောက်သင်ကြားလိုသော ကလေးများအား လူမှု ဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း များ၊ ပြင်ပ ပုဂ္ဂလိက သင်တန်းကျောင်းများတွင် သင်ကြားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသော အဖွဲ့အစည်းများက ကူညီပံ့ပိုးပါမည်။

(၃) မိဘမဲ့ကလေးများကို တာဝန်ယူစောင့်ရှောက်ပေးသော ဆွေမျိုးများ ပုံမှန်ဝင်ငွေရ လုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိပါက မိသားစု ဝင်ငွေတိုးတက်ရေးရန် ဒေသ နှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားနိုင်ရေးအတွက် အဖွဲ့အစည်းများမှ သီးခြား စီမံချက် ရေးဆွဲဆောင်ရွက်ရမည်။

၃၈။ ကလေးများ၏ လိုလားချက်ကို ဦးစားပေးလေ့လာပြီး ၎င်းတို့၏ ဖြစ်ချင်သောဆန္ဒများကို ဘဝတိုးတက်ရေး အတွက် ဖြစ်သင့်သော လုပ်ငန်းများကို လေ့လာဆန်းစစ်ပေးပြီး ကလေးများကို အကြံဉာဏ်ပေးနေရမည်ဖြစ်ပါသည်။

၃၉။ လူမှုဝန်ထမ်းစနစ်ကို အားဖြည့်ပေးရန်အတွက် လူမှုဝန်ထမ်းလုပ်သားများ၏ စွမ်းဆောင်ရည်ကို ဆက်လက် တည်ဆောက်ပြီး လူမှုဝန်ထမ်းလုပ်ငန်းကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။ အတတ်ပညာရှင်အဖြစ် လေ့ကျင့်သင်တန်းပေးထားသော လူမှုဝန်ထမ်း လုပ်သားအရေအတွက် တိုးတက်များပြား လာစေပြီး အစိုးရမဟုတ်သော လူမှုဝန်ထမ်းလုပ်သားများအား ဆက်လက်၍ လေ့ကျင့်သင်တန်းပေးရပါမည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်း များနှင့် ယခင်က ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် ဆက်လက် တည်ဆောက်သွားရပါမည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်းက ၃ရက်ကြာ ကျင်းပခဲ့သည့် လူမှုဝန်ထမ်းလုပ်ငန်းနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားအဆင့် ဆွေးနွေးပွဲတွင် လက်ခံအတည်ပြုခဲ့သည့် အကြံပြု ချက်များကို နောက်ဆက်တွဲ ဆောင်ရွက်သွားရပါမည်။ (လူမှုဝန်ထမ်းလုပ်ငန်းနှင့် ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးအတွက် အမျိုးသားစီမံချက် မူကြမ်းတစ်ရပ်ကို တင်သွင်းခဲ့ပါသည်။)

၄၀။ မုန်တိုင်းဒဏ်ခံရသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်ရာတွင် ပုံမှန်စောင့်ရှောက်ရေးနှင့် ပုံမှန် မဟုတ်သော စောင့်ရှောက်ရေး နည်းလမ်းများ ပါဝင်ရပါမည်။ စောင့်ရှောက်ရမည့် ဦးတည်အုပ်စု များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) **ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးများ**

(၁) အသက် ၁၈နှစ်အောက် မိဘမဲ့ကလေးများ (မိဘသေဆုံးသွား၍)

(၂) မိဘအုပ်ထိန်းသူများနှင့် ကွဲကွာသွားသော ကလေးသူငယ်များ

(၃) မိဘဆွေမျိုးများနှင့်ကွဲကွာ၍ ဓလေ့ထုံးတမ်းအစဉ်အလာအရ စောင့်ရှောက်ရမည့် သူက မစောင့်ရှောက်နိုင်သော ကလေးများ

(၄) ဖခင်မှ အသက်မွေးမှုအတွက် နေအိမ်မှ ကာလကြာမြင့်စွာ ခွဲခွာနေသည့် မိခင်တစ်ဦး တည်းနှင့် နေရ သော ကလေးများ

(၅) မသန်စွမ်းမိဘနှင့် နေရသော ကလေးများ

(၆) မသန်စွမ်း ကလေးများ

(၇) လူမှုဝန်ထမ်းဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်သော ကလေးများ

(ခ) **ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးများ**

(၁) အသက် ၁၈နှစ်ကျော် သားသမီးမရှိ မုဆိုးမများ

(၂) အမျိုးသမီးက ဦးဆောင်သည့် အိမ်ထောင်စုများ

(၃) မသန်စွမ်းအမျိုးသမီးနှင့် မိန်းကလေးများ

(၄) သက်ကြီးရွယ်အို အမျိုးသမီးများ

(၅) မသန်စွမ်းခင်ပွန်း၊ မသန်စွမ်းကလေးသူငယ်များနှင့် နေထိုင်သော အမျိုးသမီးများ

(၆) အခြား အန္တရာယ်ကျရောက်လွယ်သည့် အမျိုးသမီးများနှင့် လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် ရပ်ရွာများက ပြုစုစောင့်ရှောက်ရန် လိုအပ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သူများ

(ဂ) **မသန်စွမ်းသူများ**

(၁) ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ

(၂) စိတ်ဝေဒနာကြောင့် နေ့စဉ်လုပ်ငန်းများ မလုပ်နိုင်သည့်သူများ

**အုပ်ချုပ်ရေးနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း**

၄၁။ **အုပ်ချုပ်ရေး။** သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့များ၏ အစီအစဉ်ဖြင့် ဆောင်ရွက်သွားရမည်။

၄၂။ **ဘဏ္ဍာရေး။** အဖွဲ့အစည်းများသည် သက်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များအတွက် တာဝန်ယူပြီး မိမိတို့၏ ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရမည်။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း**

၄၃။ အစိုးရဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာ/အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နည်းပညာဆိုင်ရာ အဖွဲ့အစည်းများသည် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်။ UNICEF နှင့် Save the Children တို့သည် ဆက်သွယ်ညှိနှိုင်းပေးမည့် အဖွဲ့အစည်းများဖြစ်သည်။

၄၄။ အစိုးရဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆက်သွယ်ရေး၊ ညှိနှိုင်းရေးအတွက် စီမံချက် တစ်ခုလုံးအား လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားပါမည်။ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံ တကာ/အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အစုအဖွဲ့များ ညှိနှိုင်း ဆောင်ရွက်ရေးအတွက် UNICEF နှင့် Save the Children တို့က ကလေးသူငယ်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး အစုအဖွဲ့၏ ပူးတွဲ ဥက္ကဋ္ဌများအဖြစ် ပူးတွဲ ကမကထ ပြုလုပ်ရပါမည်။

**ဆက်သွယ်ရေး**

၄၅။ ဆက်သွယ်ရေး နည်းလမ်းမျိုးစုံဖြင့် အသုံးပြုပါမည်။ အောက်ပါတာဝန်ခံများနှင့် ဆက်သွယ် ဆောင်ရွက်နိုင် ပါသည်။-

| | |
|---|---|
| (က) ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန | ၀၆၇-၄၀၄၀၃၂ |
| ( ခ) ညွှန်ကြားရေးမှူး (ပြည်/စီ) | ၀၆၇-၄၀၄၁၁၀ |
| ( ဂ) ညွှန်ကြားရေးမှူး (ကလေး/လူငယ်) | ၀၆၇-၄၀၄၁၁၂ |
| (ဃ) UNICEF | ၀၁-၃၇၅၅၂၈ |
| ( င) Save the Children | ၀၁-၂၁၄၂၁၁ |
| ( စ) World Vision | ၀၁-၅၂၅၁၉၁ |